Notice of extension of suspension

Using the telephone interpreter service to contact the school

# ကျောင်းတက်ခွင့် ဆိုင်းငံ့ကာလ တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ အသိပေး အကြောင်းကြားခြင်း

## ကျောင်းသို့ ဆက်သွယ်ရန် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုကို အသုံးပြုခြင်း

ကျောင်းသားအမည်
Name of student

လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

ပူးတွဲဖော်ပြပါစာတွင် NSW ပြည်နယ် ပညာရေးဌာန၏ ကျောင်းသားများလိုက်နာရမည့် အမူအကျင့်ဆိုင်ရာ မူဝါဒနှင့် ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းနှင့် ကျောင်းထုတ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်ုပ်က သင့်ကလေးအတွက် ထုတ်ပြန်ထားသည့် ကျောင်းတက်ခွင့် ဆိုင်းငံ့ကာလ တိုးမြှင့်ခြင်းကို အသိပေး အကြောင်းကြားမှုနှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြထားပါသည်။

ယင်းစာတွင် ကျောင်းတက်ခွင့် ဆိုင်းငံ့ကာလ ကုန်ဆုံးမည့် ရက်စွဲအသစ်ကို ဖော်ပြထားပြီး ဆိုင်းငံ့မှုနှင့် ပတ်သက်၍ ဆွေးနွေးရန်နှင့် သင့်ကလေး ကျောင်းပြန်တက်သည့်အခါ အကူအညီပေးရေး စီစဉ်ရန် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် သင့်အား ဖိတ်ကြားထားသည်။ ကျောင်းက သင့်ထံ ဆက်သွယ်သည့်အခါ အစည်းအဝေးအတွက် စကားပြန် လိုအပ်ကြောင်း ပြောပြပါက စီစဉ်ပေးမည် ဖြစ်သည်။ ပူးတွဲဖော်ပြပါစာကို နားလည်ရန် အခက်အခဲရှိပါက ကျွန်ုပ်တို့က ရှင်းပြနိုင်ရန် ကျောင်းသို့ ဆက်သွယ်ပါ။

ကျောင်းသို့ ဆက်သွယ်ရာတွင် စကားပြန် လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းလက်ခံဖြေဆိုသူအား သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို ပြောပြပါ။ ၎င်းက သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။

ကျောင်းအုပ်ကြီးအမည်
Name of Principal

ကျောင်းအုပ်ကြီး၏ ဖုန်းနံပါတ်
Principal’s phone number